# ISP Insight Email

အတွဲ-၃၊ အမှတ်-၁ • ဇန်နဝါရီ ၁၇ ရက်၊ ၂၀၂၅ ခုနှစ်



၂၀၂၄ ခုနှစ်အတွင်း

# ISP-Myanmar ပရိသတ်များ၏ စိတ်အတွေ့ဆုံး အကြောင်းအရာ ၁၀ ခု

Design: San Win

PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

# မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com

ISP Insight Email အတွဲ-၃၊ အမှတ်-၁ ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင်
မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။

## အယ်ဒီတာမှတ်စု

EDITOR'S NOTE

၂၀၂၄ ခုနှစ်ကတော့ ကုန်လွန်ခဲ့ပါပြီ။ ပြီးခဲ့တဲ့တနှစ်တာအတွင်း မြန်မာပြည်သူပြည်သားတွေဟာ ရန်သူမျိုးငါးပါးရဲ့ နှိပ်စက်ဖျက်ဆီးမှုဒဏ်ကို အလူးအလဲခံခဲ့ကြရပါတယ်။ ဒါ့အပြင် ကပ်ကြီးသုံးပါးနဲ့မခြားတဲ့ ကပ်ဆိုး၊ ဘေးဆိုးတွေကိုလည်း ရင်ဆိုင်ဖြတ်ကျော်ခဲ့ရပါတယ်။ လူတဦးချင်းစီမှာ နေ့စဉ်ဘဝငြိမ်းချမ်းရေးဆိုတာလည်း မရှိပါဘူး။ လူမှုစီးပွားဒုက္ခအဖုံဖုံကလည်း ဖိစီးထားတယ်။ စစ်ရေးနဲ့ နိုင်ငံရေးပဋိပက္ခတွေကြားထဲ ဘဝရှင်သန်ရပ်တည်နိုင်ဖို့ လူးလွန့်ရုန်းကန်နေရတာ မလွယ်ပါဘူး။ မြန်မာပြည်လူထုရဲ့ ဒုက္ခတွေကို ISP-Myanmar က စာနာနားလည်ပါတယ်။ ဘယ်လိုအခြေအနေဆိုးပဲ ကြုံကြုံ၊ ဘယ်လောက်ပဲ ကြံ့ကြံ့ခံနိုင်စွမ်းရှိရှိ **'တဦးချင်းဆို လိမ့်ခဲ၊ အဖော်နဲ့ဆို တွန်းလှန်'** ဆိုသလိုပဲ လူ့အဖွဲ့အစည်းအတွင်း အချင်းချင်း အပြန်အလှန်စောင့်ရှောက်မှုတွေ၊ ကျောချင်းကပ် စိတ်ခွန်အားပေးခြင်းတွေနဲ့ပဲ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီတပတ် ISP Insight Email ကို အထူးထုတ်အဖြစ် ပြင်ဆင်ထားပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ISP-Myanmar က ထုတ်ဝေဖြန့်ချိခဲ့တာတွေကို အခြေပြုပြီး ပရိသတ်တွေရဲ့ စိတ်ကြိုက်ဖြစ်မှုတွေကို ပြန်ပြောင်းပြောပြချင်တာပါ။ ၂၀၂၄ ခုနှစ်အတွင်း မြန်မာ့အရေး သုတေသနပြုလေ့လာချက်တွေကို အခြေခံထားတဲ့ အကြောင်းအရာပေါင်း ၅၅၇ ခုကို ISP-Myanmar က ဖြန့်ချိခဲ့ပါတယ်။ တုံ့ပြန်မှုများစွာကိုလည်း ရရှိခဲ့ပါတယ်။ ဆိုရှယ်မီဒီယာတခုတည်းမှာတင် ကြည့်ကြ/ဖတ်ကြတာ ၄၈ သန်းကျော်အထိ ရှိခဲ့ပါတယ်။ သဘောမျှ၊ ဝေဖန်အကြံပြု၊ မျှဝေခဲ့ကြတဲ့ တုံ့ပြန်မှုပေါင်း ၃ ဒသမ ၆ သန်းကျော်ရှိပါတယ်။ ဒါတွေဟာ ရှေ့ဆက်ဖို့ရာလည်း ခွန်အားဖြစ်စေပါတယ်။ တိုင်းပြည်အရေး ဖြေရှင်းကြတဲ့အခါ လက်ရုံးရည်သာမက ဉာဏ်ခွန်အားကိုပါ လက်ကိုင်ပြုနိုင်ဖို့ အရေးကြီးပါတယ်။ ဒီအတွက် ဖြန့်ဖြူးသူနဲ့ ရယူသူဆိုတာဟာလည်း 'ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ' အညမညသဘော ဆောင်ပါတယ်။ တခုမရှိရင် တခုမှာ ရပ်တည်စရာလမ်းမမြင်ပါဘူး။ ISP-Myanmar ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။

၂၀၂၄ ခုနှစ်အတွင်း ဖော်ပြခဲ့တာတွေထဲက ပရိသတ် စိတ်အတွေ့ဆုံးဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်ပြီးထုတ်နုတ်ဖော်ပြတဲ့အခါ ဆိုရှယ်မီဒီယာတွေမှာသာမက ISP-Myanmar ရဲ့ အမာခံပရိသတ်တွေလို့ဆိုနိုင်တဲ့ 'ISP ကပြင်ရပ်ဝန်း'က ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေရဲ့ အကြိုက်တွေ့မှုတွေကိုပါ အခြေခံထားပါတယ်။ **'၂၀၂၄ ခုနှစ် တနှစ်တာအတွင်း ကိန်းဂဏန်းများကပြောသော ISP-Myanmar အကြောင်း'**ကို ဦးစွာကြည့်စေချင်ပါတယ်။

၂၀၂၄ ခုနှစ်

# တနှစ်တာအတွင်း ကိန်းဂဏန်းများကပြောသော

ISP-Myanmar အကြောင်း

## ၁၉,၀၁၈

ISP-Myanmar ရဲ့ သီးသန့်ဌာနေတခုဖြစ်တဲ့ ISP ကပြင်ရပ်ဝန်းမှာ အဖွဲ့ဝင်ထားသူ တသောင်းကိုးထောင်ကျော် ရှိပါပြီ။

## ၈၈%

ISP ကပြင်ရပ်ဝန်းသူရပ်ဝန်းသားတွေဆီ ပို့ခဲ့တဲ့ email တွေကို ဖွင့်ဖတ်နှုန်းဟာ ပျမ်းမျှ ၉၀ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။

## ၅၅၇

၂၀၂၄ ခုနှစ်မှာ အကြောင်းအရာပေါင်း ငါးရာကျော် ဖြန့်ချိခဲ့ပါတယ်။

## ၅,၇၀၇,၀၀၇

ISP-Myanmar ရဲ့ TikTok စာမျက်နှာကိုလည်း ဖွင့်ခဲ့ပါတယ်။ ခြောက်လအတွင်း ကြည့်ရှုမှု ငါးသန်းကျော် ရှိခဲ့ပါတယ်။

## ၃၄၄

မီဒီယာနဲ့ သုတေသနအဖွဲ့တွေကလည်း ၃၄၄ ကြိမ် ကိုးကားဖော်ပြခဲ့ပါတယ်။

## ၄၈,၅၇၅,၁၇၇

တနှစ်တာအတွင်း ISP-Myanmar က လုပ်ခဲ့တဲ့ သုတေသနပြုဖော်ပြချက်တွေရဲ့ ပျံ့နှံ့ရောက်ရှိမှုဟာ ၄၈ သန်းခွဲကျော် ရှိခဲ့ပါတယ်။ ဒါဟာ ဆိုရှယ်မီဒီယာစာမျက်နှာတွေဆီ ရောက်ခဲ့တဲ့ ပမာဏပါပဲ။

## ၅,၁၃၃,၄၆၂

ISP-Myanmar ရဲ့ Facebook နဲ့ YouTube စာမျက်နှာတွေမှာဖော်ပြတဲ့ ရုပ်သံဗီဒီယိုတွေကို ကြည့်ရှုနှုန်းဟာ မိနစ်ပေါင်း ငါးသန်းကျော်အထိ ရောက်ခဲ့ပါတယ်။

## ၃၇၇,၃၆၆

ISP-Myanmar ရဲ့ ဆိုရှယ်မီဒီယာ စာမျက်နှာတွေကို follow လုပ်ထားသူ သုံးသိန်းခုနစ်သောင်းကျော် ရှိပါတယ်။

## ISP-Myanmar ပရိသတ်များ စိတ်အတွေ့ဆုံးဖြစ်ခဲ့သည့် အကြောင်းအရာ ၁၀ ခု

၁ နေပြည်တော်လိုဂျီ

၂ တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့လူကျော်လူမော်များ၏အမြင်

၃ လုပ်ငန်းစဉ်ဗျူဟာ လိုအပ်နေသော မြန်မာ့အကျပ်အတည်းနှင့် စိနသံခင်းတမန်ခင်း

၄ ဘေးနှစ်သွယ် အမြွှာဆင့်ချိန်

၅ မင်းပျိုမင်းလွင်များ စန်းထချိန်

၆ စကားပြောသောဒေတာ-မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင်တင်ပြခြင်း

၇ တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

၈ နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်

၉ အနာဂတ်ဖက်ဒရယ်တပ်မတော် ဘယ်လိုရှိမလဲ

၁၀ မြန်မာ့ပဋိပက္ခ၏ နိုင်ငံရေးဘောဂဗေဒ-စီးပွားမက်လုံးအပေါ်အခြေခံသော ပဋိပက္ခအရှိန်လျှော့ချခြင်း၏ အကျိုးအပြစ်

ဖော်ပြခဲ့တဲ့ အချက်အလက်တွေဟာ ISP-Myanmar ရဲ့ သုတေသနပြု ပိုင်းခြားစိတ်ဖြာသုံးသပ်မှုတွေအပေါ် ပရိသတ်တွေရဲ့ စိတ်ဝင်စားမှု အတိုင်းအတာကို ရည်ညွှန်းနေပါတယ်။ အဲဒါတွေနဲ့အတူ ယှဉ်တွဲဖော်ပြခဲ့တဲ့ အကြောင်းအရာ ၁၀ ခုကိုလည်း တခုချင်းစီ အကျဉ်းသဘောဆက်ပြီးဖော်ပြပါမယ်။ ၂၀၂၅ ခုနှစ်မှာလည်း အဲဒီအကြောင်းအရာတွေကို နက်နက်ရှိုင်းရှိုင်းဖြစ်အောင် ဆက်လက်လေ့လာပြီး မျှဝေနေဦးမှာပါ။ ဒါ့အပြင် အခြားအရေးပါတဲ့ လေ့လာမှုတွေကိုလည်း ဖော်ပြသွားပါဦးမယ်။ ၂၀၂၄ ခုနှစ်ကတော့ မလွယ်ကူခဲ့ပါဘူး။ ၂၀၂၅ ခုနှစ်ဟာ အားလုံးအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချမ်းမြေ့စရာကောင်းတဲ့ နှစ်တနှစ်ဖြစ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။



၂၀၂၄ ခုနှစ်အတွင်း

# ISP-Myanmar ပရိသတ်များ၏ စိတ်အတွေ့ဆုံး

## အကြောင်းအရာ ၁၀ ခု



Photo-AFP

၁

# နေပြည်တော်လိုဂျီ

နေပြည်တော်မှာရှိတဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ စစ်ကောင်စီရဲ့ အရွေ့တွေကို သိနိုင်ဖို့ **‘နေပြည်တော်လိုဂျီ’**ဆိုပြီး ISP-Myanmar က သုတေသနပြု လေ့လာနေပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ‘နေပြည်တော်လိုဂျီ’သုံးပုဒ်ကို ရေးခဲ့ပါတယ်။ **‘စစ်ခေါင်းဆောင်နှင့် စီနီယာလူဟောင်းများ’**၊ **‘စစ်ကောင်စီ၏ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရား’**၊ **‘စစ်ခေါင်းဆောင်နှင့် တကိုယ်တော်ရှိုး’** စတဲ့ အကြောင်းအရာတွေပါ။ ISP-Myanmar ပရိသတ်တွေ စိတ်ဝင်စားခဲ့ပြီး အများဆုံးဖတ်ခဲ့ကြတဲ့ သုတေသနပြုလေ့လာချက်တွေ ဖြစ်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် နေပြည်တော်မှာ ဖြစ်ပျက်နေတာတွေအပေါ် သိလိုစိတ်ပြင်းပြကြတာ ထင်ရှားပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။

# စစ်တပ်ထိပ်ပိုင်းကို ၂၆ ကြိမ်ထက်မနည်း ပြောင်းလဲခဲ့

## အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၄၅

စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၎င်းအနီးရှိ စစ်တပ်ထိပ်ပိုင်းနေရာများကို လေးနှစ်အတွင်း ၂၆ ကြိမ်ထက်မနည်း ပြောင်းလဲခဲ့သည်။ စစ်ဆင်ရေးအထူးအဖွဲ့မှူးများကို ၁၃ ကြိမ်ထက်မနည်းပြောင်းခဲ့ပြီး ထို့အထဲတွင် နေပြည်တော်စစ်တိုင်းကိုကွပ်ကဲရသော ကစထ-၆ အား ငါးကြိမ်ပြောင်းလဲခဲ့သည်။

### စစ်ခေါင်းဆောင်နှင့် လက်ရှိ စစ်တပ်အတွင်းစည်း




- အတွင်းစည်းခေါင်းဆောင်မှု
- စစ်ဘက်အရာရှိ
- စစ်ကောင်စီအဖွဲ့ဝင်
- စစ်ကောင်စီနှင့် အစိုးရအဖွဲ့ဝင်
- အစိုးရအဖွဲ့ဝင်

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် သိမ်းပိုက်ခံရပြီးနောက်တွင် ရှမ်းနှင့် ကရင်နီကိုကွပ်ကဲရသော အမှတ်-၂ စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထမှူး-၂) ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးကို ရာထူးကဖယ်ရှားလိုက်သည်။ ထိုအချိန်မှစ၍ ကစထမှူး-၂ နေရာကို အသစ်ခန့်အပ်ခြင်း မရှိသေးပါ။

## နေပြည်တော်ကို သရုပ်ဖော်နိုင်မည့် ဝေါဟာရသုံးခု




နေပြည်တော်ကို **လှိုက်စား၊ ယွင်းစား၊ မုန်တိုင်းထန်** စသော ဝေါဟာရသုံးခုဖြင့် ပုံဖော်နိုင်သည်။ နေပြည်တော်ပလ္လင်၏ အဆင်တန်ဆာလေးရပ်ဟုဆိုနိုင်မည့် **နိုင်ငံတော်**(state)၊ **အုပ်စိုးပုံစနစ်** (regime)၊ **အင်စတီကျူးရှင်း** (institutions) နှင့် **ခေါင်းဆောင်မှု** (leadership) လေးခုလုံး အနှစ်အသားမဲ့ **'အတွင်းလှိုက်စား'** (hollowed-out) ခံနေရသည်။ ထို အရာများကို ကျားကန်ပေးထားသည့် **အယူဝါဒရေးရာ** (ideology)၊ **နိုင်ငံရေးဘောဂဗေဒ** (political economy) နှင့် **ပထဝီနိုင်ငံရေး** (geopolitics) တို့သည်လည်း ပံ့ပိုးကျားကန်ပေးနိုင်စွမ်း သက်တမ်းကုန်/ပြုန်းတီး **ယွင်းစား** (corrosion) ဖြစ်လာသည်။ လူထု၏ နိုင်ငံရေးလေထုကလည်း အပြင်းထန်ဆုံး **'မုန်တိုင်းထန်'** (storm) နေပါသည်။





©ISP-Myanmar



၂

# တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့လူကျော်လူမော်များ၏အမြင်

တရုတ်-မြန်မာဆက်ဆံရေးအပေါ် အခြေခံတဲ့ တရုတ်ရေးရာ သုတေသနလေ့လာမှုတွေကို ISP-Myanmar က စဉ်ဆက်မပြတ် လုပ်ဆောင်နေပါတယ်။ ဒီအထဲမှာ မျက်တွေ့လက်တွေ့ အခြေအနေတွေကို သိနိုင်ဖို့ **‘တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့လူကျော်လူမော်တွေရဲ့အမြင်’** (Myanmar’s Key Stakeholders and Their Perceptions of Sino-Myanmar Relations) လိုမျိုး စစ်တမ်းကောက်ယူ သုတေသနပြု လေ့လာနေတာတွေလည်း ပါဝင်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ဖြန့်ချိခဲ့တဲ့ စစ်တမ်းဟာ ISP-Myanmar ပရိသတ်တွေ ဒုတိယအများဆုံးဖတ်ခဲ့ကြတဲ့ အကြောင်းအရာဖြစ်ခဲ့ပါတယ်။


ထိုစစ်တမ်းကို ပြန်လည်ဖတ်ရှုရန်။

## တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းမဟုတ်ကြောင်း ထင်သူများလာ


### သုတေသနစစ်တမ်း တွေ့ရှိချက်

ISP Myanmar

၂၀၂၄ ခုနှစ်တွင် ISP-Myanmar က ကောက်ယူခဲ့သော စစ်တမ်းရလဒ်များအရ တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်း မဟုတ်ကြောင်းထင်သူ ပိုများလာသည်။ ၂၀၂၂ ခုနှစ်စစ်တမ်း၌ **၅၅ ရာခိုင်နှုန်း**၊ ၂၀၂၃ ခုနှစ် စစ်တမ်းတွင် **၅၄ ရာခိုင်နှုန်း**ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် စစ်တမ်း၌ **၆၈ ရာခိုင်နှုန်း**အထိ မြင့်တက်လာပါသည်။




၂၀၂၄ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ကောက်ယူခဲ့သော **'တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့လူကျော်လူမော်များ၏အမြင် သုတေသနစစ်တမ်း (၂၀၂၄)'** အပြည့်အစုံကို မကြာမီဖြန့်ချိပါမည်။




၄

# လုပ်ငန်းစဉ်ဗျူဟာ လိုအပ်နေသော မြန်မာ့အကျပ်အတည်းနှင့် စိနသံခင်းတမန်ခင်း


ISP OnPoint တပုဒ်ဖြစ်တဲ့ **‘လုပ်ငန်းစဉ်ဗျူဟာ လိုအပ်နေသော မြန်မာ့အကျပ်အတည်းနှင့် စိနသံခင်းတမန်ခင်း’**ကို ဖတ်ရှုသူက တတိယအများဆုံးပါပဲ။ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ နေပြည်တော်ကိုလာခဲ့တာ၊ မြန်မာ့အရေး စည်းသုံးစည်းသားပြခဲ့တာကို ဆန်းစစ်ခဲ့တာပါ။ မြန်မာ့အကျပ်အတည်းကိုဖြေရှင်းမယ့် လုပ်ငန်းစဉ်ဗျူဟာမှန်သမျှဟာ မြန်မာပြည်သူလူထုရဲ့ဆန္ဒနဲ့ မဝေးကွာစေဖို့လိုပါတယ်။ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်ဖို့ဆိုတဲ့ မဟာဗျူဟာ လိမ္မာပါးနပ်မှုလည်း ရှိရပါမယ်။ ဒါ့အပြင် လိုအပ်လုံလောက်တဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေရှိမှလည်း ဖြစ်နိုင်ပါမယ်။ ဒီအပေါ်မူတည်ပြီး တရုတ်နိုင်ငံရဲ့လုပ်ငန်းစဉ် အောင်မြင်မှုရှိ၊ မရှိ ကြည့်နိုင်မှာပါ။ တဖက်မှာလည်း တရုတ်နိုင်ငံနဲ့ပတ်သက်လာရင် အကျိုးစီးပွားနဲ့ လုပ်လာနိုင်ခြေတွေကိုသတိပြုသင့်ပြီး လျှော့တွက်ရင်မှားနိုင်တာကို တွက်ဆထားရပါမယ်။

ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။

# ရှမ်းမြောက်နှင့် ဆက်စပ်ဒေသများ၌ တရုတ်စီမံကိန်း ၁၃ ခု ထိန်းချုပ်ခံရ



ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မဟာဗျူဟာကျ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၂၃ ခုရှိသည့်အနက် ၁၃ ခုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs)များနှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDFs) များက အပြည့်အဝထိန်းချုပ်ထားသည်။




- SAC ထိန်းချုပ်ထားသောမြို့
- MNDAA သိမ်းယူထားသောမြို့
- TNLA သိမ်းယူထားသောမြို့
- PDFs များ သိမ်းယူထားသောမြို့
- EAOs များ အပြည့်အဝထိန်းချုပ်ထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း
- EAOs များနှင့် PDFs များ သိမ်းယူထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစက်ရုံ
- သဘာဝဓာတ်ငွေ့ပိုက်လိုင်း
- ရေနံပိုက်လိုင်း
- ရထားလမ်း
- ကားလမ်း
- * မြေပြင်တွင် အကောင်အထည် မဖော်ရသေးပေ။

● EAOs နှင့် PDFs များ ထိန်းချုပ်ထားသော တရုတ်စီမံကိန်းများ၏တန်ဖိုး (အမေရိကန်ဒေါ်လာ)

| စဉ် | စီမံကိန်း | တန်ဖိုး |
|---|---|---|
| ၁ | မူဆယ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်* | ၈ သန်း |
| ၂ | ကွမ်းလုံဆည်* | ၁,၄၀၀ သန်း |
| ၃ | ကွမ်းလုံတံတား | ၁၉.၆ သန်း |
| ၄ | ချင်းရွှေဟော် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်* | ၄ သန်း |
| ၅ | နောင်ဖဆည်* | မသိရ |
| ၆ | လန်ချန်း-မဲခေါင် သဘာဝဘေးကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံနှင့် စင်တာ | မသိရ |

| စဉ် | စီမံကိန်း | တန်ဖိုး |
|---|---|---|
| ၇ | ကရောင်း (Crown)ဘိလပ်မြေစက်ရုံ | မသိရ |
| ၈ | ဆင်းရွှေလီ-၁ သကြားစက်ရုံ | မသိရ |
| ၉ | ဂုတ်ထိပ်တံတားနှင့် လမ်းသစ်စီမံကိန်း* | ၁၀၀ သန်း |
| ၁၀ | ဆင်းရွှေလီ-၂ သကြားစက်ရုံ | မသိရ |
| ၁၁ | ဆင်းရွှေလီ-၃ သကြားစက်ရုံ | မသိရ |
| ၁၂ | အယ်လ်ဖာ (Alpha)ဘိလပ်မြေစက်ရုံ | မသိရ |
| ၁၃ | တကောင်းနီကယ်စက်ရုံ | ၈၅၅ သန်း |


၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာရှိကောင်းရှိနိုင်ပါသည်။

# ရခိုင်ပြည်နယ်ရှိ တရုတ်စီမံကိန်းအားလုံးကို AA ထိန်းချုပ်ထား

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၇၇

ISP Myanmar

ရခိုင်ပြည်နယ်တွင် မဟာဗျူဟာကျ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၁ ခုရှိပြီး အားလုံးကို အာရက္ခတပ်တော် (AA) က ထိန်းချုပ်ထားသည်။ ထိုအထဲတွင် သံတွဲ၊ အမ်းနှင့် ဂွမြို့တို့ရှိ လေအားလျှပ်စစ်စီမံကိန်းများကိုလည်း အပြည့်အဝ ထိန်းချုပ်ထားပါသည်။




- SAC ထိန်းချုပ်ထားသောမြို့
- AA သိမ်းယူထားသောမြို့
- AA တစိတ်တပိုင်းထိန်းချုပ်ထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း
- AA အပြည့်အဝထိန်းချုပ်ထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း
- သဘာဝဓာတ်ငွေ့ပိုက်လိုင်း
- ရေနံပိုက်လိုင်း
- ရထားလမ်း
- ကားလမ်း

## AA ထိန်းချုပ်ထားသော တရုတ်စီမံကိန်းများ၏တန်ဖိုး (အမေရိကန်ဒေါ်လာ)

| စဉ် | စီမံကိန်း | တန်ဖိုး |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့ပိုက်လိုင်း | ၁,၀၉၀ သန်း |
| ၂ | ကျောက်ဖြူ-အမ်း ရထားလမ်း* | မသိရ |
| ၃ | မန္တလေး-ကျောက်ဖြူ ရထားလမ်း* | ၁၁,၀၀၀ သန်း |
| ၄ | အမ်းလေအားလျှပ်စစ်စီမံကိန်း* | မသိရ |
| ၅ | မန္တလေး-ကျောက်ဖြူ ကားလမ်း* | မသိရ |

| စဉ် | စီမံကိန်း | တန်ဖိုး |
|---|---|---|
| ၆ | ရေနံပိုက်လိုင်း | ၁,၅၀၀ သန်း |
| ၇ | ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်* | ၉,၆၀၀ သန်း |
| ၈ | ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံးစွမ်းအင်စီမံကိန်း | ၁၈၀ သန်း |
| ၉ | ကျောက်ဖြူ-နေပြည်တော် ကားလမ်း* | မသိရ |
| ၁၀ | သံတွဲလေအားလျှပ်စစ်စီမံကိန်း* | မသိရ |
| ၁၁ | ဂွလေအားလျှပ်စစ်စီမံကိန်း* | မသိရ |

* မြေပြင်တွင် အကောင်အထည်မဖော်ရသေးပေ။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာရှိကောင်းရှိနိုင်ပါသည်။



©ISP-Myanmar




Photo-AFP

# ၄

# ဘေးနှစ်သွယ် အမြွာဆင့်ချိန်

၂၀၂၄ ခုနှစ်အတွင်း မြန်မာ့လူဦးရေရဲ့ **၅ ဒသမ ၆ သန်းကျော်** ရေဘေးသင့်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာ **၂၄ ရာခိုင်နှုန်း**နီးပါး ရေလွှမ်းမိုးခံခဲ့ရပါတယ်။ ဒါက ဥတုကပ်ဘေး ရိုက်ခတ်မှုရဲ့ တစိတ်တပိုင်းမျှသာ ဖြစ်ပါတယ်။ စစ်ဘေးနဲ့ ဥတုကပ်ဘေးကို ရင်ဆိုင်နေရချိန်မှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း **နေ့စဉ်ဘဝငြိမ်းချမ်းရေး** (everyday peace) အတွက် ချန်ပီယံကောင်းတွေ ပေါ်ထွက်ဖို့ လိုနေပါတယ်။ ဒီအကြောင်းဖော်ပြခဲ့တဲ့ **'ဘေးနှစ်သွယ် အမြွာဆင့်ချိန်-ဥတုကပ်ဘေးနှင့် သတိပြုဖွယ်သုံးချက်'** သုတေသနအခြေပြု သုံးသပ်ချက်ကိုလည်း ISP-Myanmar ပရိသတ်တွေ အဖတ်များခဲ့ပါတယ်။ ဒါနဲ့တဆက်တည်း ၂၀၁၉ ခုနှစ်မှာ သမိုင်းပညာရှင် ဒေါက်တာ သန့်မြင့်ဦးပြောခဲ့တဲ့ ဥတုကပ်ဘေး သတိပေးစကားဟာလည်း အများပြည်သူအကြားမှာ အချေအတင်ဆွေးနွေးစရာ ဖြစ်ခဲ့ပါတယ်။

ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။


# ရန်ကုန်မြို့ဟာ ကျွန်းတခုအဖြစ်သာ ကျန်ခဲ့ပါလိမ့်မယ်

မြန်မာနိုင်ငံမှာ ဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်တဲ့ သက်ရောက်မှုဟာ ကြီးမားတဲ့ ကပ်ဘေးထက် လျော့နည်းဖွယ်မရှိပါဘူး။ ဒီသက်ရောက်မှုတွေဟာ ရာစု၊ ဆယ်စုနှစ်တွေ ကြာမှ မဟုတ်ပါဘူး။ လာမယ့်နှစ်တွေအတွင်း ဖြစ်ပေါ်လာပါလိမ့်မယ်။ ဒီကနေ့ မြန်မာနိုင်ငံဟာ ဥတုဘေး အရေးပေါ်အခြေအနေ (Climate Emergency) ကို ရင်ဆိုင်နေရပါပြီ။ ... ကမ္ဘာကြီးဟာ အခုရာစုနှစ်လယ်မှာ နှစ်ဒီဂရီစင်တီဂရိတ် ပူနွေးလာခဲ့တယ်ဆိုရင်တောင် မြန်မာနိုင်ငံဟာ ဖွတ်ဖွတ်ညက်ညက် ကြေသွားနိုင်ပါတယ်။ ... နာဂစ်လိုမျိုး ပြင်းထန်တဲ့မုန်တိုင်းတွေ၊ ပြင်းထန်တဲ့ လေပြင်းမုန်တိုင်းတွေ ဖြစ်ပွားတဲ့အကြိမ်ရေ များလာပါလိမ့်မယ်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ရလဒ်အနေနဲ့ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ အောက်ပိုင်း ရန်ကုန်မြို့အနီးအပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသ အတော်များများ ရေအောက်ကို လုံးဝ မြုပ်သွားပါလိမ့်မယ်။ မခံမရပ်နိုင်လောက်အောင် အပူချိန်လွန်ကဲမှုတွေဟာ တနှစ်ကို ရက်သတ္တပေါင်းများစွာတင်မကဘဲ လပေါင်းများစွာ ဖြစ်ပေါ်လာပါလိမ့်မယ်။ အပူချိန်လွန်ကဲတာ၊ မိုးခေါင်တာတွေသာမက အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေ ဖြစ်ပွားလာတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိုးနည်းဒေသနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာ စားသုံးသီးနှံ စိုက်ပျိုးလို့မရအောင် ဖြစ်ပေါ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိရစ္ဆာန်မျိုးစိတ်တွေ အစုလိုက်အပြုံလိုက်မျိုးသုဉ်းခြင်း ဖြစ်ပွားပါလိမ့်မယ်။ ရောဂါအသစ်တွေလည်း ပြန့်ပွားလာပါလိမ့်မယ်။ ... ကမ္ဘာ့အပူချိန် လေးဒီဂရီ မြင့်တက်လာရင် မြန်မာနိုင်ငံဒေသအတော်များများမှာ လူနေထိုင်လို့ မဖြစ်နိုင်တော့ပါဘူး။ ဧရာဝတီမြစ်ဝကျွန်းပေါ်သာမက ရခိုင်ပြည်နယ်တခုလုံးနီးပါး ရှိနိုင်တော့မှာ မဟုတ်ပါဘူး။ ရန်ကုန်မြို့ဟာ ကျွန်းတခုအဖြစ်သာ ကျန်ခဲ့ပါလိမ့်မယ်။ နိုင်ငံရဲ့အလယ်ဗဟိုဒေသဟာ လူသားတွေနဲ့ တိရစ္ဆာန်အများစု နေထိုင်လို့မရအောင် ပူပြင်းနေပါလိမ့်မယ်။ သန်းပေါင်းများစွာသော လူထု ရွှေ့ပြောင်းအခြေချမှုတွေ ဖြစ်လာပါမယ်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ပြင်းထန်တဲ့ကပ်ဘေးကြောင့် ဥတုဘေးဒုက္ခသည် သန်းပေါင်းများစွာကို မွေးထုတ်ပေးပါလိမ့်မယ်။ အခုရာစုမကုန်ခင်၊ အခုလူငယ်တွေရဲ့ သက်တမ်းအတွင်းမှာပဲ အပူချိန် လေးဒီဂရီမြင့်လာတာကို ကြုံရပါလိမ့်မယ်။



**ဒေါက်တာ သန့်မြင့်ဦး**
သမိုင်းပညာရှင်

၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် ‘ဥတုဘေးအတွက် လှုပ်ရှားမှု - အရေးပေါ်လို့ ထိုးရမယ့်ခေါင်းလောင်း’ (Climate Action: More Urgent Than Ever) ခေါင်းစဉ်ဖြင့် ISP-Myanmar က ပြုလုပ်ခဲ့သော ယောမင်းကြီးဇရပ်စကားဝိုင်းဆွေးနွေးပွဲမှ ကောက်နုတ်ချက်။




၅

# မင်းပျိုမင်းလွင်များ စန်းထချိန်

တော်လှန်ရေးလက်နက်ကိုင် လူငယ်မျိုးဆက်တွေအကြောင်းကို **'မင်းပျိုမင်းလွင်များ စန်းထချိန်'**ဆိုပြီး ISP-Myanmar က သုတေသနပြု လေ့လာနေပါတယ်။ '၀'နယ်က လူငယ်မျက်နှာသစ်ခေါင်းဆောင်တွေ၊ 'တပါးမင်း'တို့ခေတ်လို့ဆိုရမယ့် တအန်း(ပလောင်) မျိုးဆက်တွေအကြောင်းဖော်ပြခဲ့ပြီး ပရိသတ်တွေ အဖတ်များခဲ့ကြပါတယ်။ လူငယ်မျိုးဆက်တွေဟာ သဘာဝအရကိုပဲ နဂိုအထိုင်မှာနေတာထက် စိတ်ကူးသစ်တွေနဲ့ စွန့်စားရတာကို ပိုလုပ်ချင်ကြပါတယ်။ အောင်မြင်လာတဲ့အခါ ယုံကြည်စိတ်လည်း ခိုင်မာလာကြပါတယ်။ ဒါကို **'မင်းပျိုမင်းလွင်'**တွေရဲ့ မာန်တက်ကြွမှုမျိုးနဲ့ တင်စားခဲ့တာပါ။ လက်ရှိအခြေအနေမှာ ပဋိပက္ခကို ဖြေလျှော့ရေးက ခက်ခဲနိုင်သလို လုပ်တိုင်းအောင်မြင်နေတဲ့သူတွေအဖို့ သူတို့ရဲ့ စွန့်စားရမှုတန်ဖိုးကိုလည်း ပိုလို့ ဘဝင်ဂုဏ်ထူးဆောင်နေနိုင်ပါတယ်။ ၂၀၂၅ ခုနှစ်မှာလည်း ဒီအကြောင်း သုတေသနပြုချက်တွေကို ဆက်ပြီးဖော်ပြသွားဖို့ရှိပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။

# စစ်ကောင်စီအခြေစိုက်စခန်းပေါင်း ၁၈၀ နီးပါး သိမ်းပိုက်ခံခဲ့ရ

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၇၈

ISP Myanmar

စစ်ကောင်စီ၏ အခြေစိုက်စခန်းပေါင်း **၁၇၄ ခု*ထက်မနည်း**ကို တော်လှန်ရေးအင်အားစုများက သိမ်းယူထားသည်။ အများစုမှာ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှဖြစ်ပြီး တိုင်းစစ်ဌာနချုပ် **နှစ်ခု**အပါအဝင် အခြေစိုက်တပ်စခန်းပေါင်း **၁၄၁ ခုထက်မနည်း** ဖြစ်ပါသည်။




စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အခြေစိုက်စခန်း ရှစ်ခုထက်မနည်း တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရသည်။ ကချင်ပြည်နယ်တွင် နယ်ခြားစောင့်တပ် သုံးခုထက်မနည်း သိမ်းပိုက်ခံခဲ့ရပြီး အများဆုံးဖြစ်သည်။

စစ်ကောင်စီ၏ လက်ရုံးအကူတပ်ရင်းပေါင်း ၂၄ ခုထက်မနည်း တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရသည်။ အဆိုပါပမာဏ၏ ၈၈ ရာခိုင်နှုန်းနီးပါးသည် ရှမ်းပြည်နယ်အတွင်းမှဖြစ်သည်။


စစ်ကောင်စီ၏ ခြေမြန်တပ်ရင်းပေါင်း ၅၄ ခုထက်မနည်း သိမ်းပိုက်ခံခဲ့ရသည်။ အဆိုပါပမာဏ၏ ၄၆ ရာခိုင်နှုန်းသည် ရခိုင်ပြည်နယ်တွင်ဖြစ်သည်။

စစ်ကောင်စီ၏ ခြေလျင်တပ်ရင်းပေါင်း ၃၇ ခုထက်မနည်း တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရသည်။ အဆိုပါပမာဏ၏ ထက်ဝက်ကျော်သည် ရှမ်းပြည်နယ်အတွင်းမှဖြစ်သည်။

စစ်ကောင်စီ၏ အမိန့်ပေးကွပ်ကဲမှုဌာနချုပ်ပေါင်း ၁၂ ခုထက်မနည်း တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရသည်။ ရှမ်းပြည်နယ်တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အပါအဝင် အမိန့်ပေးကွပ်ကဲမှု ဌာနချုပ်ပေါင်း ငါးခုထက်မနည်း သိမ်းပိုက်ခံခဲ့ရသည်။ ထို့အတူ ရခိုင်ပြည်နယ်တွင်လည်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အပါအဝင် အမိန့်ပေးကွပ်ကဲမှုဌာနချုပ်ပေါင်း ခုနစ်ခုထက်မနည်း သိမ်းပိုက်ခံခဲ့ရသည်။

စစ်ကောင်စီ လက်ရုံးတပ်များ၏ အခြေစိုက်စခန်းပေါင်း ၃၉ ခုထက်မနည်း သိမ်းပိုက်ခံခဲ့ရသည်။ အဆိုပါပမာဏ၏ ၅၄ ရာခိုင်နှုန်းနီးပါးသည် ရှမ်းပြည်နယ်အတွင်းမှဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာရှိကောင်းရှိနိုင်ပါသည်။ (*)စစ်ကောင်စီ၏ အမိန့်ပေးကွပ်ကဲမှုဌာနချုပ်များ၊ တိုက်ခိုက်ရေးတပ်ရင်းများ၊ လက်ရုံးတပ်များနှင့် လက်ရုံးအကူတပ်များ၏ အထိုင်ချအခြေစိုက်စခန်းများကိုသာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။



၆

# စကားပြောသောဒေတာ

## မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင်တင်ပြခြင်း

၂၀၂၄ ခုနှစ်မှာလုပ်ခဲ့တဲ့ **‘ISP နှင့်အတူ မိနစ် ၃၀’** (30 Minutes with the ISP) အစီအစဉ်တွေမှာ အကြောင်းအရာခြောက်ခုကို ဆွေးနွေးခဲ့ကြပါတယ်။ **‘စကားပြောသောဒေတာ-မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင်တင်ပြခြင်း’** ဆွေးနွေးချက်တွေက ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ပါတယ်။ **‘ISP နှင့်အတူ မိနစ် ၃၀’**ဆိုတာ အချိန်တိုအတွင်းမှာ သုတေသနအချက်အလက်တွေကို ISP-Myanmar ရဲ့ သုတေသီတွေကတင်ပြပြီး ISP-Myanmar မှာ အဖွဲ့ဝင်ထားကြတဲ့ ISP ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေနဲ့ ဆွေးနွေးဖလှယ်ကြတာပါ။ ဒီအစီအစဉ်ကို DVB ရုပ်သံလိုင်းကနေလည်း အပတ်စဉ် ပြန်လည်ထုတ်လွှင့်ပါတယ်။ **‘ISP နှင့်အတူ မိနစ် ၃၀’**အစီအစဉ်ကို ၂၀၂၅ ခုနှစ်မှာလည်း ဆက်လုပ်သွားမှာဖြစ်ပြီး ဆန်းသစ်တဲ့ တင်ဆက်မှုတွေဖြစ်ဖို့ ပြင်ဆင်နေပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ကြည့်ရှုရန်။

# စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပဋိပက္ခညွှန်းကိန်း မြင့်မား

## အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၇၉

ISP Myanmar

တိုက်ပွဲဖြစ်ခဲ့သော မြို့နယ် **၂၄၃ မြို့နယ်**၏ ပဋိပက္ခ ပြင်းထန်သက်ရောက်မှုအခြေအနေကို လုံခြုံရေး၊ လူသားချင်းစာနာမှုနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အကျပ်အတည်း စသော ညွှန်းကိန်းသုံးခုဖြင့် ISP-Myanmar က သုတေသနပြု လေ့လာခဲ့သည်။ ညွှန်းကိန်းသုံးခုလုံး ပြင်းထန်သက်ရောက်သော မြို့နယ် **၈၇ မြို့နယ်**ရှိပါသည်။




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း အနည်းဆုံး တိုက်ပွဲတကြိမ်နှင့်အထက်ဖြစ်ခဲ့သော မြို့နယ်များအပေါ် မူတည်တွက်ချက်ထားသည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာရှိကောင်းရှိနိုင်ပါသည်။




၇

# တရုတ်နည်းတရုတ်ဟန် ဆန်ရှင်

၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ မြန်မာ-တရုတ်နယ်စပ်ဂိတ်တွေထဲက **၁၄ ခု**ထက်မနည်းကို တရုတ်အစိုးရက ပိတ်ခဲ့ပါတယ်။ တချိန်တည်းမှာလည်း မြန်မာ-တရုတ်နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေအပေါ် **‘ဖြတ်ငါးဖြတ်’**မူကျင့်သုံးပြီး ဖိအားပေးပါတယ်။ စစ်ခေါင်းဆောင်ကတော့ အာဏာသိမ်းပြီးနောက်ပိုင်းပထမဆုံးအဖြစ် တရုတ်နိုင်ငံကို သွားခွင့်ရခဲ့ပါတယ်။ နောက်ပိုင်းမှာ **နယ်စပ်ဂိတ်ခြောက်ခု**ကိုပဲ တရုတ်အစိုးရက ဆက်ပိတ်ခဲ့ပေမဲ့ အစောပိုင်းမှာလုပ်ခဲ့တဲ့ နယ်စပ်ဂိတ်ပိတ်မှုတွေဟာ မြန်မာလူထုအပေါ် သက်ရောက်မှုကြီးခဲ့ပါတယ်။ အနောက်နိုင်ငံတွေရဲ့ စီးပွားရေး ဒဏ်ခတ်အရေးယူမှုတွေနဲ့ ပုံစံမတူတဲ့ တရုတ်နည်းတရုတ်ဟန် ပိတ်ဆို့ဒဏ်ခတ်မှုတွေအကြောင်းနဲ့ သက်ရောက်မှုတွေကို **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်မှာ ဆွေးနွေးခဲ့ကြပြီး စိတ်ဝင်စားသူ များခဲ့ပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ကြည့်ရှုရန်။

# မြန်မာ-တရုတ် နယ်စပ်ဂိတ်သုံးခုကို တရုတ်နိုင်ငံ ဆက်ပိတ်ထား

အလေးထားရမည့် ညွှန်းပြမြေပုံ အမှတ်-၈၄

ISP Myanmar

စစ်ကောင်စီနှင့် MNDAA အကြား အပစ်ရပ်သဘောတူပြီးနောက် ရှမ်းမြောက်ရှိ ရန်လုံကျိုင်း၊ ချင်းရွှေဟော်နှင့် နမ့်တစ် ဂိတ်သုံးခုကို တရုတ်နိုင်ငံက ပြန်ဖွင့်လိုက်သည်။ မြန်မာ-တရုတ်နယ်စပ်တွင် နယ်စပ်ဂိတ်ပေါင်း **၁၉ ခု** ရှိသည့်အနက် ရှမ်းမြောက်နှင့် ရှမ်းအရှေ့ရှိ **ဂိတ်ခြောက်ခု**ကို တရုတ်နိုင်ငံက အကန့်အသတ်ဖြင့် ဖွင့်ပေးထားပြီး TNLA နှင့် MNDAA ထိန်းချုပ်ထားသည့် **ဂိတ်သုံးခု**ကို ဆက်လက်ပိတ်ထားသည်။





| စဉ် | ဂိတ် | မှတ်ချက် |
|---|---|---|
| ၁ | ဖီမော် | ပြန်ဖွင့်ထား |
| ၂ | ပန်ဝါ | ပြန်ဖွင့်ထား |
| ၃ | ကန်ပိုက်တီ | ပြန်ဖွင့်ထား |
| ၄ | ခေါင်ရှောင် | ပြန်ဖွင့်ထား |
| ၅ | လိုင်ဇာ | ပြန်ဖွင့်ထား |
| ၆ | မိုင်ဂျာယန် | ပြန်ဖွင့်ထား |
| ၇ | လွယ်ဂျယ် | ပြန်ဖွင့်ထား |
| ၈ | ကျင်စန်းကျော့ | တရုတ်ပို့ကုန်ပိတ်ထား |
| ၉ | မန့်ဝိန်း | တရုတ်ပို့ကုန်ကန့်သတ် |
| ၁၀ | နမ့်ခမ်း | ပိတ်ထားဆဲ |
| ၁၁ | ကြူကုတ်(ပန်ဆိုင်း) | ပိတ်ထားဆဲ |
| ၁၂ | မုန်းကိုး | ပိတ်ထားဆဲ |
| ၁၃ | ရန်လုံကျိုင်း | ပြန်ဖွင့်ထား |
| ၁၄ | ချင်းရွှေဟော် | ပြန်ဖွင့်ထား |
| ၁၅ | နမ့်တစ် | ပြန်ဖွင့်ထား |
| ၁၆ | ပန်ဝိုင် | တရုတ်ပို့ကုန်ကန့်သတ် |
| ၁၇ | ပန်ဆန်း | တရုတ်ပို့ကုန်ကန့်သတ် |
| ၁၈ | ဟိုတောင် | တရုတ်ပို့ကုန်ကန့်သတ် |
| ၁၉ | မိုင်းလား | တရုတ်ပို့ကုန်ကန့်သတ် |

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ နိုင်ငံတော်အဆင့်ဂိတ်များ၊ EAOs များက ယခင်ကတည်းက ထိန်းချုပ်ထားသော ဂိတ်များနှင့် 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ထိန်းချုပ်ထားသောဂိတ်များကို ဖော်ပြထားခြင်းဖြစ်သည်။

# တရုတ်နယ်စပ်ရှိ ကုန်သွယ်စခန်းလေးခုကို EAOs များ ထိန်းချုပ်

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၈၁ ISP Myanmar

မြန်မာ-တရုတ်နယ်စပ်တွင် **တရားဝင်ကုန်သွယ်ရေးစခန်း ငါးခုရှိသည့်အနက် လေးခုကို** တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) များက ထိန်းချုပ်ထားသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၄ ခုနှစ် ဇွန်လအထိ ထိုကုန်သွယ်ရေးစခန်း **လေးခု**၏ ကုန်သွယ်မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး**ရှိခဲ့သည်။ ထိုပမာဏမှာ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ **၉၇ ရာခိုင်နှုန်းနီးပါး**ဖြစ်သည်။




● မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းငါးခု၏ ကုန်သွယ်မှုတန်ဖိုး


| စဉ် | စခန်း | ကုန်သွယ်မှုတန်ဖိုး (အမေရိကန်ဒေါ်လာ) | ထိန်းချုပ်ထားသူ |
|---|---|---|---|
| ၁ | ကန်ပိုက်တီစခန်း | ၅၉၇ သန်း | KIA |
| ၂ | လွယ်ဂျယ်စခန်း | ၄၄၂ သန်း | KIA |
| ၃ | မူဆယ်စခန်း | ၇,၆၂၁ သန်း | 3BHA |
| ၄ | ချင်းရွှေဟော်စခန်း | ၁,၃၄၆ သန်း | MNDAA |
| ၅ | ကျိုင်းတုံစခန်း | ၃၃၃ သန်း | SAC |

- မြို့
- EAOs များ သိမ်းယူထားသောမြို့
- SAC ထိန်းချုပ်ထားသောလမ်းပိုင်း
- KIA ထိန်းချုပ်ထားသောလမ်းပိုင်း
- 3BHA ထိန်းချုပ်ထားသောလမ်းပိုင်း
- TNLA ထိန်းချုပ်ထားသောလမ်းပိုင်း
- NDAA-ESS ထိန်းချုပ်ထားသောလမ်းပိုင်း
- EAOs များ ထိန်းချုပ်ရာဒေသ
- EAOs များ တစိတ်တပိုင်းထိန်းချုပ်ရာဒေသ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ အချက်အလက်များအပေါ် မူတည်တွက်ချက်ထားသည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာရှိကောင်းရှိနိုင်ပါသည်။ မူဆယ်စခန်းအောက်ရှိ ကျင်စန်းကျော့နှင့် ကြူကုတ်(ပန်ဆိုင်း)ဂိတ်တို့ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က ထိန်းချုပ်ထားပြီး မန့်ဝိန်းဂိတ်ကို စစ်ကောင်စီ (SAC) က ထိန်းချုပ်ထားသည်။ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကို ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)က ထိန်းချုပ်ထားသည်။



©ISP-Myanmar



၈

# နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်

ISP-Myanmar ရဲ့ **သုတေသနကွန်ရက်** (ISP Research Network) အစီအစဉ်ကနေ နိုင်ငံအနှံ့မြို့နယ်ပေါင်း ၁၁၀ (မြို့နယ် စုစုပေါင်းရဲ့ သုံးပုံတပုံ)မှာ အချက်အလက်တွေ ရယူပြီး လူမှုစီးပွားသုတေသန လေ့လာမှုတွေကို လုပ်နေပါတယ်။ ဒီအထဲမှာ သုတေသနစစ်တမ်းကောက်ယူတာလည်း ပါပါတယ်။ **‘နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်’ စစ်တမ်း**ဟာ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း တွေ့ရှိချက်တွေကို ဖော်ပြခဲ့တာဖြစ်ပြီး ပရိသတ်တွေ ဖတ်ရှုမှုများခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာလည်း **‘အမျိုးသမီးများအပေါ် သက်ရောက်နေသော မမျှတသည့် ဝန်ထုပ်ဝန်ပိုးများ’** ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံအတွင်းက လူမှုစီးပွားအခြေအနေတွေကို လေ့လာထားတဲ့ သုတေသနစစ်တမ်းတစောင်ကို ISP-Myanmar က ထုတ်ခဲ့ပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။

# လျှပ်စစ်မီးပြတ်ခြင်းကို ဆိုးရွားစွာရင်ဆိုင်နေရ

## လူမှုစီးပွားသုတေသနစစ်တမ်းတွေ့ရှိချက်


ISP Myanmar

၂၀၂၄ ခုနှစ်အတွင်း မြန်မာပြည်သူပြည်သားများ အဆိုးရွားဆုံး ရင်ဆိုင်နေခဲ့ရသည်မှာ **လျှပ်စစ်မီးပြတ်ခြင်းဖြစ်သည်။ စိတ်မလုံခြုံခြင်းက** ဒုတိယအများဆုံးဖြစ်ပြီး **လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် အတင်းအကျပ် ငွေကြေးတောင်းယူခံနေရခြင်းတို့မှာလည်း** ကြီးမားသောဒုက္ခများဖြစ်နေသည်။




- ၁ လျှပ်စစ်မီးပြတ်ခြင်း
- ၂ စိတ်မလုံခြုံခြင်း
- ၃ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း
- ၄ အတင်းအကျပ် ငွေကြေးတောင်းခံခြင်း
- ၅ အင်တာနက်ပြတ်ခြင်း
- ၆ ဖုန်းလိုင်းပြတ်ခြင်း
- ၇ ဆေးဝါးပြတ်လပ်ခြင်း
- ၈ လောင်စာဆီပြတ်လပ်ခြင်း
- ၉ စစ်ဘေးရှောင်ရခြင်း
- ၁၀ စားနပ်ရိက္ခာပြတ်လပ်ခြင်း
- ၁၁ သဘာဝဘေးအန္တရာယ် ဖြစ်ပွားခြင်း
- ၁၂ သောက်သုံးရေပြတ်လပ်ခြင်း

၂၀၂၄ ခုနှစ် မတ်လမှ ဒီဇင်ဘာလအတွင်း ISP-Myanmar Research Network က လုပ်ဆောင်ခဲ့သော လူမှုစီးပွားသုတေသနစစ်တမ်းကောက်ယူမှုကို အခြေခံထားသည့် အချက်အလက်များဖြစ်ပါသည်။




၉

# အနာဂတ်ဖက်ဒရယ်တပ်မတော် ဘယ်လိုရှိမလဲ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတဝန်းမှာ တော်လှန်ရေးလက်နက်ကိုင်တပ်တွေ များပြားလာပါတယ်။ ISP-Myanmar က သုတေသနပြု လေ့လာခဲ့ပြီး နည်းနာပိုင်းအရ အတည်ပြုနိုင်တဲ့ **လက်နက်ကိုင်တပ်ဖွဲ့ပေါင်း ၅၀၀ ကျော်**ရှိပါတယ်။ တဖက်မှာ စစ်ကောင်စီရဲ့ စစ်ရှုံးမှုက ပိုများလာပါတယ်။ ‘နွေဦးတော်လှန်ရေး’ ကလည်း အရင်ရှိရင်းစွဲစဉ်းစားချက်တွေကို မြေလှန်ပြီး **‘အမြစ်ဖြတ်ချေမှုန်းရေး’** ဆိုတဲ့ အယူအဆ အားကောင်းလာခဲ့ပါတယ်။ နိုင်ငံရေးဘောင်ဟာ နောက်ကိုရောက်သွားခဲ့ပြီး ပဋိပက္ခအလွန် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟာလည်း ဆွေးနွေးပြောဆိုရမယ့် ခေါင်းစဉ်တခု ဖြစ်မနေပါဘူး။ ဒီအကြောင်းတွေကို ISP-Myanmar က ရှင်းပြခဲ့တဲ့ **‘အနာဂတ်ဖက်ဒရယ်တပ်မတော် ဘယ်လိုရှိမလဲ’** ရုပ်သံဟာလည်း လူကြည့်များခဲ့ပါတယ်။


ထိုအကြောင်းအရာကို ပြန်လည်ကြည့်ရှုရန်။

# နယ်စပ်တလျှောက် တော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်နယ်မြေများ

## အလေးထားရမည့် ညွှန်းပြမြေပုံ အမှတ်-၈၂

ISP Myanmar

'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများ၏ နယ်မြေထိန်းချုပ်နိုင်မှုပမာဏ ပိုမိုများပြားလာခဲ့သည်။ နယ်စပ်ဒေသတလျှောက် နယ်မြေအများစုကို ထိန်းချုပ်နိုင်ခဲ့ကြပြီး မြို့ပေါင်း **၉၁ မြို့**အထိ သိမ်းယူနိုင်ခဲ့ကြသည်။




၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ (*)စစ်ကောင်စီ အခြေစိုက်တပ်စခန်းများနှင့် အုပ်ချုပ်ရေးယန္တရားကင်းစင်သည့် နယ်မြေများကိုသာ ဖော်ပြထားခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒေသခံကာကွယ် ရေးတပ်ဖွဲ့များ၏ လှုပ်ရှားနယ်မြေနှင့် စိုးမိုးနယ်မြေများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။




၁၀

# မြန်မာ့ပဋိပက္ခ၏ နိုင်ငံရေးဘောဂဗေဒ
## စီးပွားမက်လုံးအပေါ်အခြေခံသော ပဋိပက္ခအရှိန်လျှော့ချခြင်း၏ အကျိုးအပြစ်

မြန်မာ-ထိုင်းကုန်သွယ်ရေးမှာ အဓိကကျတဲ့ အာရှလမ်းမကြီး ပြန်ဖွင့်နိုင်ရေး ထိုင်းနိုင်ငံဘက်ကကြိုးပမ်းလာတဲ့အပေါ်ဆန်းစစ်ခဲ့တဲ့ **'မြန်မာ့ပဋိပက္ခ၏ နိုင်ငံရေးဘောဂဗေဒ-စီးပွားမက်လုံးအပေါ်အခြေခံသော ပဋိပက္ခအရှိန်လျှော့ချခြင်း၏ အကျိုးအပြစ်'**ကိုလည်း ပရိသတ်တွေ အဖတ်များခဲ့ပါတယ်။ အမြတ်ဝေစုခွဲကြခြင်းအပေါ် အခြေခံတဲ့ ပဋိပက္ခအရှိန်လျှော့ချခြင်းဟာ ရေတိုမှာ အကျိုးတစုံတရာ ရှိကောင်းရှိနိုင်ပေမဲ့ နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာမှုကို မတက်လှမ်းနိုင်ဘူးဆိုရင် ဆိုးပြစ်ပိုများဖို့သာရှိပါတယ်။ ပဋိပက္ခရဲ့ နိုင်ငံရေးဘောဂဗေဒကို ထည့်သွင်းမစဉ်းစားဘူးဆိုရင်လည်း မြန်မာ့အကျပ်အတည်း အဖြေရနိုင်ဖွယ်မရှိပါဘူး။


ထိုအကြောင်းအရာကို ပြန်လည်ဖတ်ရှုရန်။

## နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခုနှင့် ဆက်စပ်အခြေအနေ

အလေးထားရမည့် ညွှန်းပြမြေပုံ အမှတ်-၈၃

ISP Myanmar

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်နေသော နယ်စပ်ကုန်သွယ်ရေးစခန်း စုစုပေါင်း **၁၇ ခု**ရှိသည်။ ၎င်းတို့အနက် **ခုနစ်ခု**ကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ (EAOs) နှင့် တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားသည်။




၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# အကြံပြု မေးမြန်းနိုင်ပါသည်

## FEEDBACK & FEEDFORWARD

ISP-Myanmar ရဲ့ သီးသန့်ဌာနေ (Community) တခုဖြစ်တဲ့ ‘ISP ကပြင်ရပ်ဝန်း’ ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။ တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့ အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ ‘ISP ကပြင်ရပ်ဝန်း’ကို ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊ ဆွေးနွေးချင်တာရှိရင် community@ispmyanmar.com မေးလ်ကို ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ ‘ISP ကပြင်ရပ်ဝန်း’ ဝက်ဘ်ဆိုက်စာမျက်နှာမှာ မှတ်ချက်တွေရေးရင်းနဲ့ လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး Signal, Whatsapp, Viber, Line တွေက တဆင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

**Gabyin Community**

**ISP Telegram**

**ISP YouTube**

**ISP X (Twitter)**